**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊**

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ တင်ဒါလမ်းညွှန်နှင့် စည်းကမ်းသတ်မှတ်ချက်များ**

**တင်ဒါပေးသွင်းရန် လမ်းညွှန်ချက်**

၁။ တင်ဒါစာရွက်စာတမ်းများကို အချက်အလက်ပြည့်စုံစွာဖြည့်စွက်ပြီး လက်မှတ်ရေးထိုး၍ သတ်မှတ်ချိန်အတွင်း ဖော်ပြပါလိပ်စာသို့ လုပ်ငန်းဆောင်ရွက်သူ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်က ရုံးချိန်အတွင်း လာရောက်ပေးသွင်းရပါမည်။

**တင်ဒါဈေးနှုန်း**

၂။ တင်ဒါဈေးနှုန်းကို မြန်မာကျပ်ငွေဖြင့် တင်သွင်းရန်ဖြစ်ပါသည်။ ပစ္စည်းတန်ဖိုးဟုဆိုရာတွင် ပစ္စည်းတန်ဖိုးနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက သတ်မှတ်သောနေရာသို့ အရောက်ပေးပို့မည့် ကုန်ကျစရိတ်များ၊ ပညာရှင်များ၊ သင်ကြားပြသသည့်စရိတ်နှင့် တပ်ဆင်ခများပါ ပါဝင်စေရမည်ဖြစ်ပြီး အထက်ဖော်ပြပါဈေးနှုန်းအပြင် အကြောင်းအမျိုးမျိုးပြ၍ အခြားကုန်ကျစရိတ်များအား နောက်ထပ် တောင်းခံခြင်းမပြုရပါ။ With Holding Tax (၂) ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန် (၅) ရာခိုင်နှုန်းနှင့် အခြားကုန်ကျစရိတ်များကို တင်ဒါပေးသွင်းသူကသာ ကျခံရမည်။ တင်ဒါပေးသွင်းသူသည် တင်ဒါဈေးနှုန်းများကို တင်ဒါဖွင့်ဖောက်ပြီးသည့်အချိန်မှစ၍ ပြုပြင်ပြောင်းလဲခွင့်မရှိပါ။

**တင်ဒါရွေးချယ်မှု**

၃။ လုပ်ငန်းဆောင်ရွက်သူက ပေးသွင်းသော တင်ဒါတင်သွင်းလွှာသည် Specification ပါအချက်အလက်များ၊ တင်ဒါပါစည်းမျဉ်းစည်းကမ်းများ၊ ပစ္စည်းစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရပါမည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ တင်ဒါကော်မတီက တင်ဒါတင်သွင်းသူများကို ဈေးဆစ်ခြင်းမပြုတော့ဘဲ တင်ဒါစည်းမျဉ်းစည်းကမ်းညီညွတ်သူများအနက် အနိမ့်ဆုံးဈေးပေးသွင်းသူကို ရွေးချယ်ပါမည်။

**စာချုပ်ချုပ်ဆိုခြင်း**

၄။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ တင်ဒါကော်မတီက ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားလာသည့်အခါ တင်ဒါအောင်မြင်သောလုပ်ငန်းဆောင်ရွက်သူမှ (၅) ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ တင်ဒါကော်မတီသို့ လာရောက် စာချုပ်ချုပ်ဆိုရပါမည်။ တင်ဒါအောင်မြင်သော ငွေပမာဏ၏ (၁)ရာခိုင်နှုန်း (အများဆုံး ၁၅၀၀၀၀ိ/-) ကို စာချုပ်တံဆိပ်ခေါင်းခွန်တန်ဖိုးအဖြစ် တင်ဒါအောင်မြင်သူက ပေးသွင်းရပါမည်။

**ပစ္စည်းလက်ခံခြင်း**

၅။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသို့ ပစ္စည်းများ ရောက်ရှိလာသည့်အခါ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီက သက်ဆိုင်ရာကျွမ်းကျင်သူများဖြင့် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးပြီး ကျေနပ်မှသာ လက်ခံရယူမည်ဖြစ်ပါသည်။

**စည်းကမ်းသတ်မှတ်ချက်များ**

၆။ လုပ်ငန်းဆောင်ရွက်သူသည် လုပ်ငန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာကျွမ်းကျင်သူပညာရှင်နှင့် အထောက်အကူပြုဝန်ထမ်းများ၊ လိုအပ်သောစက်ယန္တရားများ၊ ယာဉ်များ၊ ပစ္စည်းကိရိယာများ ပြည့်စုံစွာပါရှိရမည်ဖြစ်ပါသည်။ ပညာရှင်များအား စာချုပ်နှင့်ဆက်စပ်မှုမရှိသည့် အခြားမည်သည့်လုပ်ငန်းကိစ္စရပ်များတွင် တွဲဖက်တာဝန်ပေးစေခိုင်းခြင်းမပြုရ။

၇။ လုပ်ငန်းဆောင်ရွက်သူသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ တင်ဒါကော်မတီနှင့် တင်ဒါကော်မတီမှ တာဝန်ပေးအပ်ထားသည့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ ဆွေးနွေးအကြံပြုချက်၊ ဆောင်ရွက်ပေးရန်လိုအပ်ချက်၊ အရည်အသွေးသတ်မှတ်ချက်များနှင့်အညီ Specification တွင် ဖော်ပြပါရှိသည့်အတိုင်း စံချိန်စံညွှန်းပြည့်မီစေရန် ဆောင်ရွက်ပေးရမည်။

၈။ လုပ်ငန်းဆောင်ရွက်သူသည် လုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ လိုအပ်သော စစ်ဆေးကြီးကြပ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာလုပ်ငန်းအလိုက် ကြီးကြပ်နိုင်မည့်ဘွဲ့၊ ဒီပလိုမာ ရရှိသူများအား လုံလောက်စွာထားရှိပေးရမည်ဖြစ်ပြီး လုပ်ငန်းအရည်အသွေးနှင့် ကြာရှည်ခိုင်ခံ့မှု၊ လုပ်ငန်းတစ်ရပ်လုံး၏ လုံခြုံစိတ်ချရမှုအတွက် အပြည့်အဝ တာဝန်ယူရမည်။

၉။ လုပ်ငန်းအား ကုမ္ပဏီမှ တင်သွင်းဖော်ပြထားသည့် Schedule အတိုင်း ပြီးစီးရန် ဆောင်ရွက်ရပါမည်။ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်းမရှိပါက ကျော်လွန်သောကာလများအတွက် အပတ်စဉ် နောက်ကျဒဏ်ကြေးအဖြစ် ရက်သတ္တ(၁)ပတ်ကျော်လျှင် စာချုပ်တန်ဖိုး၏ (၀.၅) ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ပြီး အမြင့်ဆုံးကောက်ခံမည့်ပမာဏမှာ စာချုပ်တန်ဖိုး၏ (၁၀) ရာခိုင်နှုန်းဖြစ်ပါသည်။ (ရက်သတ္တ(၁)ပတ်မပြည့်သောရက်များအတွက် နောက်ကျသော ရက်စုစုပေါင်းအား (၇) ရက်နှင့်စားပြီး Week ဖွဲ့၍ ကောက်ခံမည်။ ဥပမာ (၁၀) ရက် နောက်ကျပါက ၁၀/၇=၁.၄၃ Week အတွက် ကောက်ခံမည်ဖြစ်ပါသည်။) ၂၀ ပတ်ထိ နောက်ကျပြီးစီးပါက Performance Bank Guarantee အား သိမ်း၍ အောက်ပါအတိုင်း အရေးယူ ဆောင်ရွက်မည်ဖြစ်ပါသည် -

(က) (၂၀) ပတ်မှ (၂၅) ပတ်ထိ ဖြစ်ပါက တင်ဒါတင်သွင်းခွင့် (၁) နှစ်ပိတ်မည်ဖြစ်ပါသည်၊

(ခ) (၁) နှစ်ထက်ကျော်လွန်ပါက စာချုပ်ဖျက်သိမ်းပြီး တင်ဒါတင်သွင်းခွင့် ရာသက်ပန် ပိတ်သိမ်းမည်ဖြစ်ပါသည်၊

(ဂ) ကုမ္ပဏီသည် လုပ်ငန်းအားပြီးဆုံးရန် ဆောင်ရွက်ပေးရမည့်အပြင် ပြီးစီးစေရေး ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက တင်ဒါရာသက်ပန် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်သိမ်းမည်ဖြစ်ပါသည်။

၁၀။ Completion Certificate ထုတ်မပေးမီ ဆောင်ရွက်ပြီးလုပ်ငန်းများတွင် လုပ်ငန်းလိုအပ်ချက်အရ မဖြစ်မနေ ဖြည့်စွက်ပြင်ဆင်လုပ်ကိုင်ပေးရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဘက်မှ ကျေနပ်လက်ခံနိုင်သည်အထိ လုပ်ငန်းဆောင်ရွက်သူ၏ ငွေ/ပစ္စည်းဖြင့် ပြန်လည်ပြုပြင် ဆောင်ရွက်ပေးရပါမည်။

၁၁။ လုပ်ငန်းဆောင်ရွက်သူသည် လိုအပ်သော စက်ယန္တရားများ၊ ယာဉ်များနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာ၊ တန်ဆာပလာများ လုပ်ငန်းခွင်သို့ သယ်ယူခြင်း၊ ပြန်လည်ပို့ဆောင်ခြင်းလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းမဆောင်ရွက်မီ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီထံ ကြိုတင် အသိပေးအကြောင်းကြားရမည်။ သယ်ယူပို့ဆောင်မည့်ခရီးစဉ်နှင့် လမ်းတံတားများတွင် ကြုံတွေ့ရမည့်အခက်အခဲများကို မိမိအစီအစဉ်ဖြင့် ဖြေရှင်းဆောင်ရွက်ရပါမည်။

၁၂။ နိုင်ငံတော်သို့ ပေးဆောင်ရမည့် ပစ္စည်းတင်သွင်းမှုနှင့်ပတ်သက်သော အခွန်အခကို လုပ်ငန်းဆောင်ရွက်သူမှ မိမိအစီအစဉ်ဖြင့် ပေးဆောင်သွားရမည်ဖြစ်ပြီး With Holding Tax အပါအဝင် အခွန်စည်းကြပ်မှုများကိုလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအတိုင်း လိုက်နာပေးဆောင်ရမည်ဖြစ်သည်။ ဈေးနှုန်းတင်သွင်းသူများ ညီတူညီမျှအခွင့်အရေး ရရှိစေနိုင်ရေးအတွက် ကုမ္ပဏီများ၏ အခွန်ကင်းလွတ်ခွင့် တင်ပြမှုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

၁၃။ ကုမ္ပဏီဝန်ထမ်း၊ လုပ်သားများနေထိုင်ရန် စခန်းအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ၎င်းတို့၏ ကျန်းမာရေး၊ လုံခြုံရေးကို လုပ်ငန်းဆောင်ရွက်သူ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး တင်ဒါပါလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းအားလုံးကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ ထောက်ပံ့မည်မဟုတ်ဘဲ လုပ်ငန်းဆောင်ရွက်သူ၏ အစီအစဉ်ဖြင့်သာ ဆောင်ရွက်ရပါမည်။

၁၄။ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သော ပစ္စည်းကိရိယာထောက်ပံ့မှုများကို လုပ်ငန်းဆောင်ရွက်သူ၏ အစီအစဉ်ဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၁၅။ လုပ်ငန်းဆောင်ရွက်သူ၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အားနည်းချက်ကြောင့် မူလ ဒီဇိုင်းပါ ထုထည်ပမာဏထက် ပိုမိုဆောင်ရွက်ပေးရမည့်ကိစ္စများအတွက် လုပ်ငန်းဆောင်ရွက်သူမှသာ တာဝန်ယူဆောင်ရွက်ပေးရပါမည်။

**ငွေပေးချေခြင်း**

၁၆။ လုပ်ငန်းစတင်ချိန်မှစ၍ လုပ်ငန်းပြီးစီးမှုအတိုင်းအတာများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသို့ ရက်အလိုက်၊ လအလိုက် သတ်မှတ်ပုံစံအတိုင်း ဖြည့်စွက်၍ စနစ်တကျတင်ပြရပါမည်။ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီက သတ်မှတ်ထားသော စံချိန်စံညွှန်း၊ လုပ်ငန်းပမာဏများအတိုင်း ပြည့်မီခြင်း ရှိ/မရှိ စစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီ၍ ကျေနပ်လက်ခံမှသာ ပြီးစီးလုပ်ငန်းပမာဏအတွက် လုပ်ငန်းဆောင်ရွက်သူက ငွေတောင်းခံရမည်ဖြစ်ပါသည်။

၁၇။ လုပ်ငန်းဆောင်ရွက်သူက With Holding Tax (၂) ရာခိုင်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် (၅) ရာခိုင်နှုန်း ပေးဆောင်ထားသည့် အထောက်အထား၊ စာရွက်စာတမ်းတင်ပြမှသာ ငွေပေးချေမှုစနစ်ကို လုပ်ငန်းပြီးစီးမှုအပေါ်မူတည်၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ငွေကြိုတင်တောင်းခံခြင်းကို **လုံး၀** ခွင့်ပြုမည်မဟုတ်ပါ -

| | | |
|---|---|---|
| (က) | လုပ်ငန်းပြီးစီးမှု (၂၅ %) | - လုပ်ငန်းတန်ဖိုး၏ (၄၀ %) အား ပထမအကြိမ် |
| (ခ) | လုပ်ငန်းပြီးစီးမှု (၅၀ %) | - လုပ်ငန်းတန်ဖိုး၏ (၄၀%) အား ဒုတိယအကြိမ် |
| (ဂ) | လုပ်ငန်းပြီးစီးမှု (၁၀၀ %) | - လုပ်ငန်းတန်ဖိုး၏ (၂၀ %) အား နောက်ဆုံးအကြိမ် |

**အထွေထွေ**

၁၈။ လုပ်ငန်းဆောင်ရွက်သူသည် တင်ဒါအောင်မြင်ပါက လုပ်ငန်းတန်ဖိုး၏ (၁၀) ရာခိုင်နှုန်းနှင့်ညီမျှသော အာမခံစပေါ်ငွေကို အာမခံကြေးအဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသို့ ပေးသွင်းရပါမည်။

၁၉။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက အခါအားလျော်စွာ ချမှတ်ထားသော စည်းကမ်းများ၊ ညွှန်ကြားချက်များကို လုပ်ငန်းဆောင်ရွက်သူမှ လိုက်နာဆောင်ရွက်ရပါမည်။

၂၀။ လုပ်ငန်းဆောင်ရွက်နေစဉ် အခက်အခဲများရှိပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနှင့် လုပ်ငန်းဆောင်ရွက်သူအကြား တိုက်ရိုက်တွေ့ဆုံ၍ ချက်ချင်းညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။

၂၁။ လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းဆောင်ရွက်သူသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသို့ ဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာကို တင်ပြရပါမည်။ တည်ဆောက်ရေးနှင့် ပစ္စည်းဝယ်ယူသည့် ဈေးနှုန်းများသည် သက်ဆိုင်ရာဒေသန္တရဈေးနှုန်းနှင့်အညီ တွက်ချက်တင်ပြရန်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်သူသည် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီသို့ ပေးပို့၍ စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးမှုပြီးစီးသည်အထိ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂၂။ ပစ္စည်း၏ အရည်အသွေးနှင့် လုပ်ငန်းဆောင်ရွက်မှု အရည်အသွေးကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ တင်ဒါကော်မတီက တာဝန်ပေးအပ်ထားသော အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေးကော်မတီမှ အသေးစိတ်စစ်ဆေးမည်ဖြစ်ပြီး အရည်အသွေးပြည့်ဝမှုမရှိပါက သတ်မှတ်သည့် လျော်ကြေးငွေနှင့် ဒဏ်ကြေးငွေကို ပေးသွင်းရပါမည်။

၂၃။ အစားထိုးလုပ်ငန်းဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ အမြင်နှင့်သော်လည်းကောင်း၊ လုပ်ထုံးလုပ်နည်းနှင့်မကိုက်ညီ၍သော်လည်းကောင်း၊ စံချိန်စံညွှန်းနှင့်မကိုက်ညီ၍သော်လည်းကောင်း ပြင်ဆင်၊ အစားထိုးရန်လိုအပ်ပါက ပြင်ဆင်ဆောင်ရွက်ပေးရပါမည်။

၂၄။ လုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်သူက Installation လုပ်ပြီး (Testing & Commissioning) ဆောင်ရွက်ပြီးသည်အထိ တာဝန်ယူဆောင်ရွက်ပေးရမည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**